JOINT ACTION COMMITTEE FOR DEMOCRACY IN BURMA
SYDNEY ~ AUSTRALIA

# ၂၁ ရာစုပင်လုံညီလာခံ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနှင့် ပတ်သက်၍ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်။

မြန်မာနိုင်ငံ၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရက ဦးစီးကျင်းပမည့် ၂၁ ရာစုပင်လုံညီလာခံအား ကျွန်ုပ်တို့က ကြိုဆိုအပ်ပါသည်။ ၂၁ ရာစုပင်လုံညီလာခံကြီးမှ ပြည်သူလူထုတစ်ရပ်လုံး ဆန္ဒပြင်းပြစွာလိုလား လျက်ရှိသော စစ်မှန်သည့်ငြိမ်းချမ်းရေးအား အမြန်ဆုံးအကောင်အထည် ဖော်ဆောင်ရွက်နိုင်မည် ဟု မျှော်လင့်ပါသည်။

၂၁ ရာစုပင်လုံညီလာခံသည် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် ကြိုးပမ်းအားထုတ်ခြင်း ဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာများတွင် အခြေခံကျကျ ပါဂင်ပါတ်သက်နေကြသူများအားလုံး ပူးပေါင်းပါဂင်ခွင့်ရရေးမှာ အရေးကြီးပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရ ဦးဆောင်သော ဒီမိုကရေစီ အင်အားစုများ ၊ တိုင်းရင်းသား အင်အားစုများ နှင့် တပ်မတော်တို့ ပါဝင်သော သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးမှုများမှသည် ပြည်တွင်းငြိမ်းချမ်းရေးရရှိပြီး စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းလာနိုင်ရေးအထိ ကြိုးပမ်းသွားကြရန် ကျွန်ုပ်တို့မှ အလေးအနက်တိုက်တွန်းလိုပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ အခြေခံနိုင်ငံရေးပြဿနာသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဿ နာ ဖြစ်သကဲ့သို့ တိုင်းရင်းသားများ၏ တန်းတူအခွင့် အရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်များ ဆုံးရှုံးနေခြင်းနှင့် ပြည်သူအပေါင်း၏ ဒီမိုကရေစီအခွင့်အရေး များ ဆုံးရှုံးနေသည့် ပြဿနာလည်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယခုကျင်းပမည့် ၂၁ ရာစုပင်လုံညီလာခံကြီးမှ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အဓိကအ ဟန့်အတားဖြစ်နေသည့် ၂၀၀၈ ဖွဲ့စည်းပုံ ပြဿနာကို ပြေလည်အောင် နည်းလမ်းရှာ ဖြေရှင်းသွားနိုင် ကြမည်ဟု ကျွန်ုပ်တို့က မျှော်လင့်လျက်ရှိပါသည်။

ယနေ့အခါသမယသည် ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အခွင့်အလမ်းကောင်းများရှိနေသည့် အချိန်ဖြစ်ပါသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်၊ နိုင်ငံ တော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် ဦးစီးဆောင်ရွက်နေခြင်းကသည်ပင် လျင် လာမည့်ပင်လုံညီလာခံကြီးမှ ရလာဒ်ကောင်းများ ပေါ်ထွက်လာနိုင်မည့် အခြေအနေကောင်း ဟု ယူဆလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ၂၁ ရာစုပင်လုံညီလာခံကြီးမှ အမျိုးသားပြန် လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်း ချမ်းရေး၊ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးတို့အတွက် ရလာဒ်ကောင်းများ ရရှိနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဒီမိုကရေစီရရှိရေးလှုပ်ရှားမှု ပူးပေါင်းဆောင်ရွက်ရေး ကော်မီတီ

ဆက်သွယ်ရန် ။ U Saw Lwin Oo +61 412 344 009, U Maung Maung Aye +61 452 388 384, U Aung Naing +61 413 335 629